# ကျောက်တုံးကြီးများ

## The Big Rocks

အချိန်စီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးသည် စီးပွားရေးပညာသင်ယူနေသော သင်တန်းသားတစ်စုအား ပို့ချလျက်ရှိပါသည်။ ၎င်း၏ စွမ်းရည်ဖြင့် ဝိရိယလွန် ပုဂ္ဂိုလ်များရှေ့တွင် ရပ်၍ အဝကျယ် (၁)ဂါလံဝင် ခရားရှည်တစ်လုံးကို ဆွဲယူပြီး ၎င်း၏ ရှေ့ရှိ စားပွဲပေါ်၌ တင်ထားလိုက်ပါသည်။ ထို့နောက် လက်သီးဆုပ်အရွယ်ရှိ ကျောက်တုံး (၁)ဒါဇင်ခန့်ကို ခရားထဲသို့ တစ်လုံးချင်း ဂရုစိုက်ထည့်သွင်းလိုက်ပါသည်။ ခရားဝအထိပြည့်ပြီး နောက်ထပ်ကျောက်တုံးထည့်၍ မရတော့သောအခါ ဤသို့ မေးလိုက်ပါသည်။

"ဒီခရား ပြည့်ပြီလား" တစ်ခန်းလုံးက ဖြေပါသည်။ "ပြည့်ပါပြီ"။

သူကထပ်မေးပါသည်။ "ဟုတ်ရဲ့လား"။

ထို့နောက် စားပွဲအောက်ဖက်မှ ကျောက်စရစ်ပုံးကို ဆွဲယူလိုက်ပါသည်။ ကျောက်စရစ်ခဲများကို ခရားထဲသို့ ပစ်ထည့်လိုက်ပြီး ခရားကို ချလိုက်ပါသည်။ ကျောက်တုံးများကြားရှိ နေရာလပ်များကြားသို့ ကျောက်စရစ်ခဲ အလိုအလျောက် ကျဆင်းသွားရန် ဖြစ်ပါသည်။ ပြီးလျှင် အတန်းသားများအား တစ်ကြိမ်ထပ်ရန် မေးပြန်ပါသည်။ 'ခရားပြည့်ပြီလား'။

ဤတစ်ကြိမ်တွင်မူ တစ်တန်းလုံး ဆရာ့အား မျက်နှာမူလျက်သာနေပါသည်။ တစ်ဦးက ဖြေလိုက်သည်။ 'မပြည့်လောက်သေးပါဘူး'။

ဟုတ်ပြီ၊ ဆရာက ဖြေရင်း စားပွဲအောက်မှ သဲပုံးတစ်ပုံးကို ဆွဲယူလိုက်ပြီး ခရားထဲသို့ သွန်ချလိုက်ရာ ကျောက်တုံးများ ကျောက်စရစ်များကြားရှိ နေရာလပ်များအတွင်းသို့ သဲများ ဝင်ကျသွားပါသည်။ နောက်ထပ်တစ်ကြိမ် မေးလိုက်ပြန်ပါသည်။ 'ဒီခရားပြည့်ပြီလား'။

'မပြည့်သေးပါဘူး' တစ်တန်းလုံးအော်၍ ဖြေပါသည်။

'ဟုတ်ပြီ' ထိုနောက် ကိုင်းခွက်ကြီးနှင့် ရေထည့်လာပြီး ခရားနှုတ်ခမ်းပြည့်သည်အထိ လောင်းထည့်လိုက်ပါသည်။

ပြီးနောက် အတန်းသားများအား မော့ကြည့်ပြီး မေးလိုက်ပါသည်။

"ဒီသရုပ်ပြချက်ရဲ့ အဓိက ဆိုလိုရင်းက ဘာလဲ"။

တက်ကြွထက်သန်သူတစ်ဦးက လက်မြှောက်ပြရင်း ဖြေပါသည်။

"အဓိကအချက်ကတော့ သင့်မှာ အစီအစဉ်တွေ ဘယ်လောက်ပဲ ပြည့်နေပါစေ၊ သင်တကယ် ကြိုးစားမယ်ဆိုရင် အမြဲတမ်း နောက်ထပ် ဖြည့်ထည့်နိုင်အုံးမှာ ဖြစ်ပါတယ်"။

'မဟုတ်ဘူး'၊ ဆရာက ပြန်ပြောပါသည်။ 'အဲဒါက ဆိုလိုရင်းအချက်မဟုတ်ဘူး။ ဒီသရုပ်ပြချက်က ဒို့ကို သင်ပေးတဲ့အမှန်တရားက တကယ်လို့ ကျောက်တုံးကြီးတွေကို အရင်ဆုံး မထည့်ခဲ့ရင် ဘယ်တော့မှ ထည့်လို့ရတော့မှာ မဟုတ်ဘူးဆိုတဲ့အချက်ပဲဖြစ်တယ်'။

သင့်ဘဝအသက်တာမှာရော မည်သည့်အရာတွေက ကျောက်တုံးကြီးတွေ ဖြစ်နေပါသနည်း။ သင်ကရော ထိုကျောက်တုံးကြီးများကို အရင်ထည့်နေပါ၏လော။

## ပဌမအရာ ပဌမသာ

### First Things First

သခင်ဘုရား ကျွန်ုပ်တို့၏ အသက်တာများ၌ အကောင်းဆုံးအတွက် အချိန်မပေးနိုင်လောက်အောင် အကောင်းများနှင့် ပြည့်နေသော ဘဝမျိုးမှ ကယ်နှုတ်တော်မူပါ။
ကိုယ်တော်နှင့် တွေ့ဆုံချိန်များကို ရွှေ့ဆိုင်းရသည်အထိ ဖိစီးခံရသည့်အဖြစ်မျိုးမှ ကယ်နှုတ်တော်မူပါ။ ကိုယ်တော်၏ ဝိညာဉ်တော် ရောင်ခြည်အလင်းတွင် ခိုလှုံနိုင်ရန်၊ ကိုယ်တော်၏ ရင်ခွင်တော်၌ နားခိုနိုင်ရန်၊ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို လေးနက်စွာ သောက်သုံးနိုင်ရန်နှင့် ကိုယ်တော်၏ ဝိညာဉ်တော်ကို ရှုရှိုက်ခံယူနိုင်ရန် ကူမတော်မူပါ။ ကျွန်ုပ်တို့ နှစ်သက်သော အခြားအရာအားလုံးထက် ကိုယ်တော်ကိုသာ ရှာဖွေနိုင်ရန် ကူမတော်မူပါ။ (ယော ၁၅း၅)တွင် "ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ"ဟု ကိုယ်တော်မိန့်တော်မူခဲ့သည်ကို သတိရ စေတော်မူပါ။ သို့မှသာ ကျွန်ုပ်တို့ ဦးစားပေးမှားပဲ ကိုယ်တော်ကိုရရှိရန်၊ကိုယ်တော်မေတ္တာနှင့် ကိုယ်တော်၏ တန်ဖိုးကို ပထမနေရာတွင် နေရာမှန်ထားနိုင်ရန် ကူမတော်မူပါ။ -ဒေးဗစ်ဘရန့်ဘတ်
သင် ပထမထားသည့် အရာများအတွက် သင့်တွင် အချိန် အမြဲတမ်း ရှိပါသည်။

## နှုတ်ကပတ်တော်သည် အချုပ်အခြာ

### The Bible on Priorities

အချုပ်အခြားစကားဟူမူကား ဘုရားသခင်ကို ကြောက်ရွံ့၍ ပညတ်တော်တို့ကို စောင့်ရှောက်လော့။ ဤရွေ့ကား လူနှင့်ဆိုင်သော အမှုအရာ အလုံးစုံတို့၏ အချုပ်အခြာ ဖြစ်သတည်း။ (ဒေသနာ ၁၂း၁၃)

" အရှင်ဘုရား၊ ပညတ္တိကျမ်း၌ အဘယ်မည်သော ပညတ်သည် သာ၍ ကြီးသနည်းဟု မေးလျှောက်သော်၊ ယေရှုက သင်၏ ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ နှင့်ချစ်လော့ဟူသော ပညတ်သည် ပထမပညတ်ဖြစ်၏။ ထိုမှတစ်ပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ဒုတိယပညတ်သည် ပထမ ပညတ်နှင့် သဘောတူ၏"။ (မဿဲ ၂၂း၃၆